# မြန်မာနိုင်ငံတွင် REDD+ ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုအစီအမံများ

The Paris Agreement
1/CP.21

*“ အဖွဲ့ဝင်နိုင်ငံများသည် **ရာသီဥတုပြောင်းလဲမှုအား ရင်ဆိုင်ဖြေရှင်းပေးမည့် လုပ်ငန်းများ ဆောင်ရွက်သည့်အခါတိုင်းတွင်** ၎င်းတို့၏ သက်ဆိုင်သည့် တာဝန်သိစိတ်များဖြင့် လူ့အခွင့်အရေးများ၊ ကျန်းမာရေးဆိုင်ရာအခွင့်အရေးများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်သည့် အခြေအနေတွင် ရှိနေသူများ၏ အခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေး တို့နှင့်အတူ ကျားမတန်းတူဖြစ်မှု၊ အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးမှုနှင့် သားစဉ်မြေးဆက်သာတူညီမျှရှိမှု တို့ဖြစ်လာစေရေးအတွက် **လေးစားရမည်၊ မြှင့်တင်ပေးရမည်၊ ထည့်သွင်းစဉ်းစားရမည်။** ”*

သစ်တောများ ပျက်စီးပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း **REDD+** သည် သစ်တောများအား ထိန်းသိမ်းကာကွယ်ခြင်း၊ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းနှင့် ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုအား ရင်ဆိုင်ကျော်လွှားနိုင်ရေးအလို့ငှာ နိုင်ငံတကာ၏ အစပျိုးလုပ်ဆောင်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ **REDD+**ကို ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း **(UNFCCC)**တွင် ညှိနှိုင်းဆွေးနွေးရာမှ ကာဗွန်စုပ်ယူသိုလှောင်ထားနိုင်သည့် သစ်တောသစ်ပင်များ ထိန်းသိမ်းထားခြင်းဖြင့် ဝင်ငွေရရှိစေမည့် နည်းလမ်းတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ **REDD+**အား အကောင်အထည်ဖော်ရာတွင် သစ်တောများပျက်စီးပြုန်းတီးမှုကို အားပေးသည့် မူဝါဒများနှင့် ဥပဒေများအား ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းနှင့် သစ်တောများအား မပျက်စီးစေရန် ထိန်းသိမ်းကာကွယ်ပေးသည့် သို့မဟုတ် ပြန်လည်စိုက်ပျိုးပြုစုပေးသည့် သစ်တောပိုင်ရှင်များအား ဆွဲဆောင်မှုရှိစေမည့် တိုက်ရိုက်ပေးချေခြင်းတို့ နှစ်ရပ်လုံးပါဝင်ပါသည်။ အောင်မြင်မှုရှိသည့် **REDD+**အစီအစဉ်တစ်ရပ်သည် ထိရောက်သည့် ကာဗွန်သိုလှောင်မှုရှိစေခြင်း၊ ရရှိလာသည့် ရန်ပုံငွေအား အကျိုးရှိရှိသုံးစွဲခြင်းနှင့် အကျိုးအမြတ်ကို သာတူညီမျှ ခွဲဝေမှုရှိခြင်းနှင့်အတူ ဘေးဒုက္ခအန္တရာယ်များ၊ ထိခိုက်လွယ်မှုများရှိသည့် ဆင်းရဲနွမ်းပါးသူများအား ကာကွယ်စောင့်ရှောက်မှုရှိစေခြင်းတို့ဖြစ်စေပါသည်။

## ကာကွယ်စောင့်ရှောက်မှုအစီအမံများ အဘယ့်ကြောင့်လိုအပ်နေပါသနည်း။

**UNFCCC**သဘောတူညီချက်မူဘောင်သည် **REDD+**၏ ဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက် ကာကွယ်စောင့်ရှောက်မှုအစီအမံများ အခြေခံမူ(၇)ချက်အား ချမှတ်ပေးထားပါသည်။ အဆိုပါ ကာကွယ်စောင့်ရှောက်မှုအစီအမံများကို ကန်ကွန်းသဘောတူညီချက်များ၏ နောက်ဆက်တွဲတွင် ဖော်ပြထားပြီး၊ ယင်းတို့သည် ၂၀၁၀ခုနှစ်၌ ကျင်းပခဲ့သည့် အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံမှ ထွက်ပေါ်လာသော ရလဒ်များဖြစ်ကြပါသည်။ ယင်း ကာကွယ်စောင့်ရှောက်မှုအစီအမံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမျိုးသားအဆင့် **REDD+** ဆိုင်ရာ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲရာတွင် တရားဝင်တာဝန်ခံမှုမရှိသော လမ်းညွှန်ချက်သာဖြစ်ပါသည်။ ယင်းတို့သည် တရားဝင်တာဝန်ခံမှုမရှိသော်လည်း ငွေကြေးထောက်ပံ့သူများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကာကွယ်စောင့်ရှောက်ပေးမှုများ ပြည့်ဝစွာ ဆောင်ကြဉ်းပေးမထားသည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် လက်တွန့်နေကြရပါသည်။ ယင်းကာကွယ်စောင့်ရှောက်မှုအစီအမံများ အလျဉ်းမရှိပါက **REDD+** အကောင်အထည်ဖော်ဆောင်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု၊ စိုက်ခင်းများတည်ထောင်ရန်အတွက် သဘာဝတောများ ဖျက်ဆီးခံရမှု၊ မြေယာဈေးကစားမှု၊ ဆင်းရဲနွမ်းပါးမှု၊ မြေမဲ့ယာမဲ့ဖြစ်မှု၊ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းနှင့် အခြားကြီးမားသည့် ဆိုးကျိုးများဖြစ်လာစေနိုင်ပါသည်။

အဆိုပါ ကာကွယ်စောင့်ရှောက်မှုအစီအမံများကို အထောက်အကူဖြစ်စေရန်နှင့် မြှင့်တင်ဆောင်ရွက်ပေးရန် အဖွဲ့ဝင်နိုင်ငံများအား တွန်းအားပေးထားပါသည်။ အောက်ဖော်ပြပါ အကြောင်းအရာများအား ပွင့်လင်းမြင်သာမှုရှိစွာ မှတ်တမ်းတင်ထားစေမည့် ကာကွယ်စောင့်ရှောက်မှုအစီအမံဆိုင်ရာ သတင်းအချက်အလက်စနစ်တစ်ရပ်အား နိုင်ငံအဆင့်တွင် ထူထောင်ရန်တာဝန်ရှိပါသည်-

(၁) မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ကာကွယ်စောင့်ရှောက်မှုအစီအမံများအား မည်သို့ အလေးထားဆောင်ရွက်ကြောင်း၊

(၂) ယင်း ကာကွယ်စောင့်ရှောက်မှုအစီအမံများကို မည်သို့ အကောင်အထည်ဖော်ဆောင်နေကြောင်း။

အဖွဲ့ဝင်နိုင်ငံများသည် အဆိုပါ ကာကွယ်စောင့်ရှောက်မှုအစီအမံများကို မည်သို့ အလေးထားဆောင်ရွက်လျက်ရှိကြောင်း အခြေအနေများကို UNFCCCသို့ အချိန်ကာလ အပိုင်းအခြားအလိုက် အစီရင်ခံစာဖြင့် တင်ပြရမည်ဖြစ်ပါသည် (၁/စီပီ. ၁၆၊ စာပိုဒ် ၇၁(ဃ))။ ကာကွယ်စောင့်ရှောက်မှုအစီအမံဆိုင်ရာ သတင်းအချက်အလက်စနစ် ထူထောင်ရန်နှင့် အစီရင်ခံစာတင်ပြရန် လိုအပ်ချက်များကို ဒါဘန်မြို့တွင်ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးတွင်လည်းကောင်း၊ ဝါဆောမြို့တွင် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးတွင်လည်းကောင်း ရေးဆွဲခဲ့ကြပါသည်။

UN-REDDသည် REDD+အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံအသီးသီးအတွက် နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ပြုစုရေးဆွဲထားပြီးဖြစ်ပါသည်။ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောတရားများနှင့် စံချိန်စံညွှန်းများ (Social and Environmental Principles and Criteria-SEPC)နှင့် ကာကွယ်စောင့်ရှောက်မှုအစီအမံများ ရေးဆွဲနိုင်ရေးအတွက် နိုင်ငံအလိုက် ချဉ်းကပ်နည်းများ (Country Approach to Safeguards Tool – CAST) ကို ကာကွယ်စောင့်ရှောက်မှုများပြုစုရေးဆွဲရာတွင် အထောက်အကူဖြစ်ရေး ဒီဇိုင်းဆွဲ ပုံဖော်ရေးဆွဲထားပါသည်။

## REDD+ ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုအစီအမံများ

ကန်ကွန်းသဘောတူညီချက်တွင် **REDD+**အတွက် ကာကွယ်စောင့်ရှောက်မှုအစီအမံများ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

ဆုံးဖြတ်ချက် စာပိုဒ်(၇၀)အားရည်ညွှန်းလျက် လုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါ ကာကွယ်စောင့်ရှောက်မှုအစီအမံများကို ပံ့ပိုးကူညီ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။

(က) ယင်းလုပ်ဆောင်ချက်များသည် နိုင်ငံအဆင့် သစ်တောစီမံကိန်းများ၊ ဆက်စပ်သည့် နိုင်ငံတကာကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ၏ ရည်ရွယ်ချက်များကို အထောက်အကူဖြစ်စေရမည် သို့မဟုတ် ကိုက်ညီစေရမည်။

*ဆက်စပ်သည့် နိုင်ငံတကာကွန်ဗင်းရှင်းများဟုဆိုရာတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပုံစံအမျိုးမျိုး ပပျောက်စေရေးဆိုင်ရာ ကွန်ဗင်းရှင်း (CEDAW)၊ ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများဆိုင်ရာ အခွင့်အရေးကြေညာစာတမ်း(UNDRIP)နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်း (CBD) တို့ အများဆုံးပါဝင်မည်ဖြစ်ပါသည်။ CEDAWအရ နိုင်ငံများသည် အမျိုးသမီးများအား ပုံစံအမျိုးမျိုးဖြင့် ခွဲခြားမှုမရှိစေရေးအတွက် လုပ်ဆောင်ရန်နှင့် နိုင်ငံရေး၊ အလုပ်အကိုင်၊ မိသားစုဘဝ၊ ကျန်းမာရေး၊ ပစ္စည်းဥစ္စာနှင့် ပညာရေးတို့အပါအဝင် အမျိုးသမီးများ၏ ရပိုင်ခွင့်များကို အသိအမှတ်ပြုပေးရန် ကတိကဝတ်ပြုထားပါသည်။ CEDAW သည် အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အမျိုးသမီးများ၏ အရေးပါမှုနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင် အမျိုးသမီးများ ပါဝင်ခွင့် ရရှိရေးတို့ကို အသိအမှတ်ပြုပေးထားပါသည်။*

(ခ) နိုင်ငံ၏ ဥပဒေပြုရေးများနှင့် အချုပ်အခြာအာဏာတို့တွင် ပွင့်လင်းမြင်သာမှုနှင့် ထိရောက်သော နိုင်ငံအဆင့် သစ်တောများ စီမံအုပ်ချုပ်မှုကို ထည့်သွင်းစဉ်းစားရန်။

***ကာကွယ်စောင့်ရှောက်ပေးမှုသည် REDD+မှ ဆောင်ကြဉ်းလာမည့် ငွေကြေးထောက်ပံ့မှုများတွင် အဂတိလိုက်စားမှု ဖြစ်နိုင်ဖွယ် အလားအလာများကို ဖော်ပြထားပြီးဖြစ်သည်။ အချို့နိုင်ငံများသည် မြေယာဈေးကစားခြင်းနှင့် ကာဗွန်ဈေးကွက်အား ပုဂ္ဂလိကကဏ္ဍမှ လုညံ့စားခြင်းများ စသည့် အပြုသဘောမဆောင်သည့် အတွေ့အကြုံများ ပေါ်ပေါက်ကြုံတွေ့ခဲ့ပြီးဖြစ်ပါသည်။***

(ဂ) ကုလသမဂ္ဂအထွေထွေညီလာခံက ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းအား ထုတ်ပြန်ထားသည်ကို မှတ်သားလျက် နိုင်ငံတကာ တာဝန်သိမှုများ၊ နိုင်ငံအဆင့်အခြေအနေများနှင့် ဥပဒေများကို ထည့်သွင်းစဉ်းစားကာ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အသိပညာဗဟုသုတနှင့် ရပိုင်ခွင့်များကို အသိအမှတ်ပြု လေးစားလိုက်နာရန်၊

*UNDRIPအနေဖြင့် ဌာနေတိုင်းရင်းသားများသည် ၄င်းတို့၏ မြေယာများနှင့် ပိုင်ဆိုင်မှု နယ်နမိတ်များဆိုင်ရာအခွင့်အရေးနှင့် FPIC လုပ်ဆောင်ရမည့် အခွင့်အရေးများရှိနေကြောင်းကို အသိအမှတ်ပြုထားပါသည်။ ဤ ကာကွယ်စောင့်ရှောက်မှုအစီအမံ သဘောတရားအရ UNDRIPသည် REDD+နှင့်လည်း လျော်ကန်သင့်မြတ်လှကြောင်း မှတ်သားရပါသည်။ ဒေသခံပြည်သူများ အတွက် မိရိုးဖလာမြေယာပိုင်ဆိုင်မှုများနှင့် သစ်တောစီမံပိုင်ခွင့်များအား ခိုင်မာစေခြင်းသည် နိုင်ငံအဆင့် REDD+အစီအစဉ် တစ်ရပ်၌ လူမှုရေးဆိုင်ရာ အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် အထူးအရေးကြီးလှပါ သည်။ အထူးသဖြင့် အလှည့်အကျအနားပေးတောင်ယာနှင့် ပတ်သက်၍ မြေယာပိုင်ဆိုင်မှုလုံခြုံရေးမှာ အရေးကြီးပါသည်။ အလှည့်ကျအနားပေးတောင်ယာစနစ်ကို အသစ်တဖန်ပြန်လည့်ဖြစ်ထွန်းလာသော သစ်တောများကို ထိန်းသိမ်းထားသည့်နေရာ နှင့် ရင်းနှီးမြှုပ်နှံမှုအားနည်းပြီး လုပ်ဆောင်နိုင်သော စိုက်ပျိုးရေးနည်းတစ်ခုအနေဖြင့် အသိအမှတ်ပြုခြင်းမရှိဘဲ သစ်တော အတန်းအစားကျဆင်းစေသည့်နှယ် လွဲမှားစွာသတ်မှတ်ခြင်းခံနေရပါသည်။*

*အကယ်၍သာ ဒေသခံပြည်သူများအနေဖြင့် မိရိုးဖလာ မြေယာပိုင်ဆိုင်မှု နည်းလမ်းအရသော်လည်းကောင်း၊ ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တော တည်ထောင်မှုအသွင်ဖြင့်လည်းကောင်း သစ်တောများအပေါ် ပိုင်ဆိုင်မှုမရှိပါက REDD+သည် ကိုယ်ပိုင်ကုမ္ပဏီ တစ်ခု၏ ပိုင်ဆိုင်မှုအသွင်သာဖြစ်သွားပြီး အစိုးရကိုယ်တိုင်သည် ဒေသခံများ၏ သစ်တောအပေါ် မှီခိုသုံးစွဲမှုကို တားမြစ်မှုများ ဖြစ်စေကာ စားဝတ်နေရေးများ၊ စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရပြည့်ဝမှု နှင့် ကျန်းမာရေးတို့တွင် ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။*

(ဃ) ဤ ဆုံးဖြတ်ချက်၏ စာပိုဒ် (၇၀)နှင့် (၇၂)တို့တွင် ရည်ညွှန်းထားသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်စပ်ပါဝင်ပတ် သက်သူများ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အဓိပ္ပာယ် လေးနက်ပြည့်ဝသည့် ပူးပေါင်းပါဝင် မှုရှိစေရန်၊

နိုင်ငံအဆင့် မဟာဗျူဟာရေးဆွဲခြင်းမှသည် အသေးစိပ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်သည်အထိ အဆင့်အသီးသီးရှိ REDD+လုပ်ငန်းစဉ်များသည် အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများအကြားရှိ ထိခိုက်လွယ်သည့် အုပ်စု များ၏ ထိရောက်ပြည့်ဝသည့် ပူးပေါင်းပါဝင်မှုရှိစေရေးကို အားပေးရမည်ဖြစ်သည်။ အဆိုပါအုပ်စုများ ပါဝင်လာရေးနှင့် အသိပေးနိုင် ရေးသည် အထူးအလေးထား ကြိုးပမ်းအားထုတ်ရမည့် လုပ်ငန်းဖြစ်သော်လည်း သစ်တောများ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ရှုထောင့် အသွယ်သွယ်၊ အမြင်အမျိုးမျိုးနှင့် အသိပညာဗဟုသုတများ ပေါင်းစပ်နိုင်မည်ဖြစ်ခြင်းကြောင့် REDD+လုပ်ငန်း ပိုမိုအားကောင်း လာစေမည် ဖြစ်ပါသည်။

(င) ဤဆုံးဖြတ်ချက်၏ စာပိုဒ် (၇၀)တွင် ရည်ညွှန်းဖော်ပြထားသည့် လုပ်ငန်းများသည် သဘာဝသစ်တောများကို ပြောင်းလဲအသုံး ပြုခြင်းမဖြစ်စေဘဲ ယင်းအစား သဘာဝသစ်တောများနှင့် ၄င်း၏ ဂေဟစနစ်ဝန်ဆောင်မှုများအား ကာကွယ်ထိန်းသိမ်းလာစေ ရေး ဆွဲဆောင်အားပေးမှုများဖြစ်စေသည်သာမက အခြားသောလူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာ အကျိုးကျေးဇူးများကို တိုးမြင့် လာစေရေး အလေးထားခြင်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများသည် သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်း သိမ်းကာကွယ်ခြင်းနှင့် ကိုက်ညီမှုရှိစေရန်

*ဤ ကာကွယ်စောင့်ရှောက်ပေးမှုသည် REDD+အစီအစဉ်အောက်တွင် အကောင်အထည်ဖော်နေသည့် သစ်တောများနှင့် မြေယာ ရှုခင်းအလှများကို ကာဗွန်စုပ်ယူသိုလှောင်မှု မြင့်တက်လာစေရေးတစ်ခုတည်း အတွက်သာစီမံခန့်ခွဲခြင်းမျိုးမဟုတ်ဘဲ ဖီဝမျိုးစုံမျိုးကွဲ များအပါအဝင် အခြားထူးခြားသည့် တန်ဖိုးများကိုပါ ထည့်သွင်းစဉ်းစားသင့်ကြောင်းကို ဖော်ဆောင်လျက်ရှိပါသည်။ ဥပမအားဖြင့် သဘာဝတောများနေရာတွင် စိုက်ခင်းတောများဖြင့် အစားထိုးစိုက်ပျိုးခြင်းသည် ဤကာကွယ်စောင့်ရှောက်ပေးမှုနှင့် သဘောတရား ချင်း ကိုက်ညီမည်မဟုတ်ပါချေ။ CBD အောက်တွင် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ပေးရန် ကတိကဝတ်များရှိထားခြင်းသည် ဤ ကာကွယ်စောင့်ရှောက်ပေးမှုနှင့် သဟဇာတဖြစ်စေပါသည်။*

(စ) နောက်ပြန်လှည့်သွားမည့် အန္တရာယ်အား ရင်ဆိုင်ဖြေရှင်းနိုင်မည့် ဆောင်ရွက်ချက်များ

REDD+အကောင်အထည်ဖော်ခြင်းအတွက် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ထိရောက်မှုရှိစေရန်အလို့ငှာ သစ်တော *သစ်ပင်များတွင် ကာဗွန်စုပ်ယူသိုလှောင်ပေးရန် အချိန်မည်မျှကြာမြင့်နိုင်ပါသနည်း၊ သစ်တောတစ်ခုအတွင်းရှိ ကာဗွန်များကို မည်သူ ကပိုင်ဆိုင်ပြီး အချိန်ကာလအပိုင်းအခြားတစ်ခုအတွက် ကာဗွန်စုပ်ယူသိုလှောင်နိုင်ရေးစာချုပ်တစ်ခုကို မည်သူက လက်မှတ်ရေးထိုး ပေးနိုင်ပါသနည်း။ သစ်တောများအား ပိုင်ဆိုင်မှုဆိုင်ရာ လုံခြုံစိတ်ချရမှု(ကာကွယ်ပေးမှု) အလျဉ်းမရှိပါက REDD+အနေဖြင့် သစ်တောများအား ရေရှည်ထိန်းသိမ်းစောင့်ရှောက် နိုင်မည်မဟုတ်ပါ။ ယခင်အတိုင်း နောက်ကြောင်းပြန်လှည့်သွားမည်လော ဟူသည့်*

*မေးခွန်း သို့မဟုတ် REDD+ဆိုင်ရာ ငွေပေးချေမှုများပြုလုပ်ပြီးနောက် သစ်တောများအား ပြန်လည်ခုတ်လှဲသွားနိုင်သည့် အန္တရာယ်ကို သေချာစွာနားလည်သဘောပေါက်နိုင်ရေးသည် REDD+အား ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် လက်ရှိအခြေအနေတွင် မေးမြန်းစရာ မေးခွန်းတစ်ခုဖြစ်နေပါသည်။*

(ဆ) ကာဗွန်ထုတ်လွှတ်မှုများ အခြားနေရာများမှ ဖြစ်ပေါ်လာမှုအား လျှော့နည်းစေရန် ဆောင်ရွက်ချက်များ

*REDD+သည် သစ်တောများပျက်စီးပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရန် ရည်ရွယ်ပါသည်။ အကယ်၍ သစ်တောများပျက်စီးပြုန်းတီးခြင်းကို နယ်မြေဒေသတစ်ခုတွင် ကာကွယ်ပေးထားပြီး အခြားသစ်တောဖုံးလွှမ်းသည့်ဒေသတွင် ရွှေ့ပြောင်းကာ ဥပမာ စိုက်ပျိုးရေးဆိုင်ရာစီးပွားရေး စိုက်ခင်းများတည်ထောင်ခြင်းသည် သစ်တောပျက်စီးမှုဖြစ်စေသည့်အတွက် ခြုံငုံကြည့်မည် ဆိုပါက အသားတင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း မဖြစ်စေနိုင်ပါ။ သစ်တောများ ပျက်စီးဆုံးရှုံးမှုအား ထိန်းချုပ်ကာ အသားတင်ကာဗွန်ထုတ်လွှတ်မှု လျှော့ချမှု ဖြစ်စေရန်အလို့ငှာ ရွှေ့ပြေး REDD+ အကောင်အထည်ဖော်ရေး ၏နယ်ပယ်တစ်ခုတွင် သစ်တောပျက်စီးပြုန်းတီးမှုအစား အခြားသစ်တောများတွင် နေရာ ရွှေ့ပြောင်းပြုန်တီးနေခြင်းကို မြန်မာနိုင်ငံတွင် မည်သို့ အလေးထားဆောင်ရွက်နိုင်ပါမည်နည်း၊*

## ကာကွယ်စောင့်ရှောက်မှုအစီအမံများနှင့် အမျိုးသမီးများ၏ အခွင့်အရေးများ

*နိုင်ငံအသီးသီးတို့သည် UNFCCC၏ မူဘောင်(၁၂/စီပီ. ၁၇၊ စာပိုဒ် ၂)များနှင့်အညီ ကျားမရေးရာ အခန်းကဏ္ဍများကို ၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှုများတွင် လည်းကောင်း၊ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အာဏာနှင့် ကျားမရေးရာ သာတူညီမျှရှိမှုရှိရေး မြှင့်တင်ပေးရာတွင်လည်းကောင်း မည်သို့ ထည့်သွင်းစဉ်းစားဖော်ဆောင်နေသည်ကို အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။ ကာကွယ်စောင့်ရှောက်ပေးမှုမရှိခြင်းနှင့် အထူးသဖြင့် ကျားမရေးရာကဏ္ဍအား ထည့်သွင်းစဉ်းစားခြင်း မရှိခြင်းတို့သည် အမျိုးသမီးများအနေဖြင့် ၎င်းနှင့် ၎င်း၏ မိသားစုများမှီခိုနေထိုင်ရသည့် သယံဇာတများသုံးစွဲနိုင်မှုနှင့် အလှည့်ကျအနားပေး စိုက်ပျိုးရေးလုပ်ငန်း၌ အမျိုးသမီးများ၏ အလုပ်အကိုင်များ ဆုံးရှုံးနိုင်သည့်အခြေအနေများ ရင်ဆိုင်ရပြီး ထင်းလောင်စာသာမက သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်းတို့သည် REDD+သဘောတူညီမှုများ၌ တရားမဝင်မှုများ ဖြစ်လာနိုင်ပါသည်။ အကယ်၍သာ စာချုပ်စာတမ်းများနှင့် မြေယာပိုင်ဆိုင်သူများ စာရင်းတွင် အမျိုးသမီးများ၏ နာမည်များကျန်ရစ်ခဲ့ပါက ၎င်းတို့အနေဖြင့် သစ်တောများနှင့် မြေယာများဆိုင်ရာ နစ်နာဆုံးရှုံးမှုများ ဖြစ်လာနိုင်ပါသည်။ REDD+အကောင်အထည်ဖော်သူများအနေဖြင့် သစ်တောများ စီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအား အသိအမှတ်ပြုပေးခြင်းမရှိပါက ၎င်းတို့သည် သစ်တောများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်း ပါဝင်နိုင်မည်မဟုတ်ပါ။*

*အကယ်၍ အဆိုပါအန္တရာယ်များ လျှော့နည်းသွားစေရန် REDD+ကို ဒီဇိုင်းရေးဆွဲထားခြင်းမရှိသော်လည်း သစ်တောများအား စီမံခန့်ခွဲရာတွင် အထူးသဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို လေးစားကာ မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက အမျိုးသမီးများ၏ အခွင့်အရေးများနှင့် လူမှုဘဝ နေထိုင်ရေးတို့၌ ကောင်းကျိုးများ ရရှိစေနိုင်မည်ဖြစ်ပါသည်။*

သစ်တောဦးစီးဌာနသည် **REDD+**ဆိုင်ရာ ပင်မယူနစ်နှင့် **ITTO**တို့နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် **REDD+**အစီအစဉ်အတွက် လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကာကွယ်စောင့်ရှောက်မှု အစီအမံများကို ရေးဆွဲဖော်ထုတ်လျက်ရှိကြပါသည်။ အဆိုပါ ကာကွယ်စောင့်ရှောက်ပေးမှုအစီအမံများတွင် အခြေခံသဘောတရားများ၊ စံချိန်စံညွှန်းများနှင့် အညွှန်းကိန်းများကို မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီစေမည့် နိုင်ငံတကာမှ **REDD+**ဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေးမှုအစီအမံများကို အသိအမှတ်ပြုလျက် လေးစားလိုက်နာနိုင်ရေး ဆောင်ရွက်ထားပါသည်။ **UN-REDD** အစီအစဉ်၏ ပံ့ပိုးကူညီမှုများဖြင့် မြန်မာနိုင်ငံတွင် ကာကွယ်စောင့်ရှောက်ပေးမှုအစီအမံများကို မည်သို့ မည်ပုံအသိအမှတ်ပြုကာ လေးစားလိုက်ရမည်ကို လမ်းပြမြေပုံနှင့် လုပ်ငန်းအစီအစဉ်များဖြင့် လက်ရှိတွင် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

အခြေခံမူ(၁) - **REDD+**အစီအစဉ်များသည် မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို အသိအမှတ်ပြုလေးစားလိုက်နာရမည်။

ဤအခြေခံမူအား ပြည့်ဝစွာရရှိစေရန်အလို့ငှာ၊ မြန်မာနိုင်ငံ၏ **REDD+**အစီအစဉ်၊ မူဝါဒများနှင့် မြေအသုံးချမှုအစီအစဉ်

များသည် မြေယာများ၊ သစ်တောများနှင့် အခြား သဘာဝသယံဇာတများနှင့်ပတ်သက်သည့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ မြေယာပိုင်ဆိုင်ခွင့်နှင့် မိရိုးဖလာမြေယာပိုင်ဆိုင်မှုအခွင့်အရေးများကို အသိအမှတ်ပြုလေးစားလိုက်နာရမည်ဖြစ်ပါသည်။ ယင်းတွင် မြေယာပိုင်ဆိုင်မှုအခွင့်အရေးများတွင် ပါဝင်သည့် ဝင်ရောက်သွားလာခွင့်၊ စီမံခန့်ခွဲခွင့်နှင့် အသုံးပြုခွင့်တို့ကို တစ်ဦးချင်းနှင့် ဘုံ(စုပေါင်း) အခွင့်အရေးနှစ်ရပ်လုံး ပါဝင်မည်ဖြစ်ပါသည်။ မည်သည့် သဘာဝသယံဇာတများသည် မည်သူ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ခွဲခြားသတ်မှတ်ခြင်းသည် အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့် အုပ်စုများပါဝင်သည့် ပူးပေါင်းပါဝင်မှု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရပါမည်။

**REDD**+လုပ်ငန်းစဉ်သည် မြေယာများနှင့် သဘာဝသယံဇာတဆိုင်ရာ ၄င်းတို့၏အခွင့်အရေးများကို တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်သည့်အတွက် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ **FPIC**သဘောတူညီချက်ရရှိရန်လည်း လိုအပ်ပါသည်။ **FPIC**ကို **REDD**+အစီအစဉ်များ၏ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းနှစ်ရပ်လုံးတွင် အသုံးပြုရမည်ဖြစ်ပါသည်(၁. ၃)။ ဒေသခံပြည်သူများသည် အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့် အုပ်စုများအပါအဝင် အဖွဲ့ဝင်များအားလုံး၏ သဘောထားအမြင်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားစေမည့် **FPIC**လုပ်ငန်းစဉ်တစ်ရပ်ကို သတ်မှတ်ရမည်ဖြစ်ပါသည်။

**REDD+** တွင် ကာဗွန်စုပ်ယူသိုလှောင်မှုအတွက် ငွေပေးချေမှုများပါဝင်လာပါက ကာဗွန်ပိုင်ဆိုင်မှုအခွင့်အရေးများကို မြေယာနှင့် သဘာဝသယံဇာတများအပေါ် ပုံမှန်မြေယာပိုင်ဆိုင်ခွင့်များနှင့် မိရိုးဖလာမြေယာပိုင်ဆိုင်မှုအခွင့်အရေးများကို အခြေခံရမည်ဖြစ်ပါသည် (၁. ၄)။ ကာဗွန်ပိုင်ဆိုင်မှုများကို တောင်းဆိုလာစေရန်တွန်းအားပေးနေသည့် မြေယာသိမ်းယူပိုင်ဆိုင်မှုများကို ကာကွယ်ပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဒေသခံပြည်သူများ၏ သစ်တောမြေပိုင်ဆိုင်မှုများကို အသိအမှတ်ပြုပေးရာတွင် အားနည်းနေပါသေးသည်။ သို့အတွက်ကြောင့် **REDD**+မှ ရရှိလာမည့်အကျိုးအမြတ်များကို ဒေသခံပြည်သူများအနေဖြင့် သာတူညီမျှ ရရှိခံစားနိုင်စေရေးအတွက် ကာဗွန်ပိုင်ဆိုင်မှုကို မိရိုးဖလာမြေယာပိုင်ဆိုင်မှုအပေါ် အခြေခံကာ အသိအမှတ်ပြုပေးရန်လိုအပ်လာပါသည်။

အခြေခံမူ(၂) - **REDD**+အစီအစဉ်မှ ရရှိမည့်အကျိုးကျေးဇူးများကို ပိုင်ဆိုင်ခွင့်ရှိသူများနှင့် ဆက်စပ်ပတ်သက်သူများအကြား ညီညွတ်မျှတစွာ ခွဲဝေရရှိစေရမည်။

**REDD**+အစီအစဉ်သည် ရရှိလာမည့်အကျိုးကျေးဇူး၊ ယင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များနှင့် ကြုံတွေ့ရမည့် အန္တရာယ်များကို ဆန်းစစ်သည့်အခါ ယင်းအစီအစဉ်နှင့် စီမံကိန်းဒီဇိုင်းရေးဆွဲသည့်ကာလတွင် အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့် အုပ်စုများ ပါဝင်လာစေရန် အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ သာတူညီမျှဖြစ်စေသည့် အကျိုးအမြတ်ခွဲဝေရေးဆိုင်ရာ လမ်းညွှန်ချက်များသည် **REDD+**မှ အကျိုးအမြတ်များကို အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့်အုပ်စုများ ရရှိစေရေးကိုလည်း သေချာစေသင့်ပါသည်။ အကျိုးအမြတ်များကို သာတူညီမျှခွဲဝေရမည်ဖြစ်ပြီး ဆက်စပ်ပတ်သက်သူများအနေဖြင့် အကျိုးအမြတ်များအား မည်သို့ခွဲဝေမည်၊ မည်သည့်အကျိုးအမြတ်မျိုးများရရှိစေမည် မည်သို့ပေးမည် စသည်ဖြင့်ဆုံးဖြတ်ရာတွင် ပံ့ပိုးကူညီရမည်။ ဥပမာအားဖြင့် အကျိုးအမြတ်များကို ဒေသခံပြည်သူတစ်ဖွဲ့လုံး၏ ရန်ပုံငွေအဖြစ်ခွဲဝေပေးပြီး ယင်းကို ဒေသခံတစ်ရပ်လုံးအကျိုးရှိစေမည့် နယ်ပယ်များတွင် မည်သို့ အသုံးပြုမည်ဖြစ်ကြောင်း လမ်းညွှန်ချက်များဖြင့် ပေးနိုင်ပါသည်။

အခြေခံမူ(၃) - **REDD**+လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှတဆင့် ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားများ (တိုင်းရင်းသားလူမျိုးစုများ) အထူးသဖြင့် ထိခိုက်လွယ်သောလူတန်းစားများ၏ အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများနှင့် လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုစေရမည်။

**REDD**+ကို ဒီဇိုင်းရေးဆွဲရာတွင် အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားများနှင့် ထိခိုက်လွယ်သည့် အုပ်စုများကို အထူးအလေးထားရေးဆွဲရမည်ဖြစ်သည်။ ယင်းအစီအစဉ်သည် ၄င်းတို့၏ အသက်မွေးဝမ်းကြောင်းမှုများကို ပိုမိုကောင်းမွန်စေကာ ထိခိုက်လွယ်သူများ ထပ်မံမဖြစ်စေရေးကို သေချာစွာဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

အခြေခံမူ (၄) - **REDD**+လုပ်ငန်းစဉ်သည် ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုစေရမည်။

**REDD**+လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူတစ်ရပ်လုံး အလွယ်တကူရရှိသိရှိစေခြင်း၊ သတိမမူဘဲ ဖြစ်သွားခြင်းကို (**oversight**)ကို ထိန်းချုပ်ခြင်း၊ ထိရောက်သည့် စာရင်းအင်းစစ်ဆေးခြင်းများဖြင့် အဂတိလိုက်စားမှုနှင့် ရန်ပုံငွေအလွဲသုံးစားမှု အန္တရာယ်များ လျော့နည်းစေရန် ပွင့်လင်းမြင်သာမှုရှိစွာ စီမံခန့်ခွဲရမည်ဖြစ်ပါသည်။ **REDD**+လုပ်ငန်းစဉ်သည် သစ်တောများ စီမံအုပ်ချုပ်မှု ကောင်းမွန်စေရေးနှင့် သစ်တောများပျက်စီးပြုန်းတီးမှုကို အားပေးအားမြှောက်ဖြစ်စေသည့် အခြားကဏ္ဍများအား ထိန်းသိမ်းမှု ကောင်းမွန်စေရေး ရည်ရွယ်ချက်များထားရှိလျက် အကောင်အထည်ဖော်မည့်ရည်မှန်းချက်များ ချမှတ်ထားသင့်ပါသည်။ (၄. ၅)

အခြေခံမူ(၅) - **REDD**+လုပ်ငန်းစဉ်သည် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်ပြီး ပိုမိုတိုးတက်ကောင်းမွန်စေရမည်။
**REDD**+ လုပ်ငန်းစဉ်သည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကန့်ကွက်သဘောတူညီချက်၏ နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ပေးမှုအစီအမံ(င)နှင့် အညီ ထိန်းသိမ်းကာကွယ်ရမည်။

အခြေခံမူ(၆) - **REDD**+အစီအစဉ်တွင် သက်ဆိုင်ရာဆက်စပ်ပတ်သက်သူများအားလုံး ထိရောက်စွာ အပြည့်အဝပူးပေါင်းပါဝင်စေရမည်။
**REDD**+အစီအစဉ်တွင် ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့် အုပ်စုများအပါအဝင် စိတ်ဝင်စားသည့် ဆက်စပ်ပတ်သက်သူများအားလုံး ထိရောက်စွာ အပြည့်အဝ ပူးပေါင်းပါဝင်မှုရှိရမည်ဖြစ်ပါသည်။ အဆိုပါ အဖွဲ့များသည် **REDD**+အစီအစဉ်၏ အကောင်အထည်ဖော်မည့် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်ခြင်းများတွင် ပါဝင်ရမည်ဖြစ်ပြီး ယင်းအစီအစဉ်များနှင့် ဆက်စပ်သည့် အစည်းအဝေးများနှင့် သဘောထားခံယူသည့် ဆွေးနွေးပွဲများ တက်ရောက်နိုင်ရေးအတွက် ၄င်းတို့၏ ကိုယ်စားလှယ်များကို ကိုယ်တိုင်ရွေးကောက်တင်မြှောက်ပြီးစေလွှတ်နိုင်ရမည်။ (၆. ၂)
**REDD**+ အစီအစဉ်သည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများက ပြုလုပ်လေ့ရှိသည့် မိရိုးဖလာစီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်ပေးမှုလုပ်ငန်းစဉ်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး ယင်းတို့ကို အလေးမထားမှုမရှိစေရေး သေချာစေရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဥပမာအားဖြင့် မိရိုးဖလာအဖွဲ့အစည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ခေါင်းဆောင်များနှင့် အတူတကွလုပ်ကိုင်ခြင်းနှင့်၊ မိရိုးဖလာအစဉ်အလာစနစ်များနှင့် အညီမြေယာနှင့် သစ်တောများအား စီမံခန့်ခွဲသည့် ၄င်းတို့၏ အခွင့်အရေးများကို လေးစားလိုက်နာခြင်းတို့ဖြစ်ပါသည်။ မိရိုးဖလာ အဖွဲ့အစည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုပေးခြင်းသည် အခြေခံမူ(၁)တွင် မြေယာပိုင်ဆိုင်မှုများအပေါ် ဖော်ပြထားခြင်းကို ပြည့်ဝစေရေး၏ အခြေခံကျသော အစိတ်ပိုင်းတစ်ခုလည်းဖြစ်ပါသည်။

ရိုးရာဓလေ့ အသိပညာဗဟုသုတများ၊ ကျွမ်းကျင်ပိုင်နိုင်မှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာစနစ်များကို **REDD**+အစီအစဉ်၏ ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင် ထည့်သွင်းပေါင်းစပ်ပေးရမည်ဖြစ်ပြီး ရိုးရာဓလေ့ အသိပညာဗဟုသုတများ ရရှိအသုံးပြုနိုင်ရေးအတွက် **FPIC**ကို ရယူရမည်ဖြစ်ပါသည်။ (၆. ၃)

**REDD**+အစီအစဉ်သည် ဆက်စပ်ပတ်သက်သူများ **REDD**+လုပ်ငန်းစဉ်တွင် ထိရောက်အကျိုးရှိစွာ ပူးပေါင်းပါဝင်နိုင်ရေးလိုအပ်သည့် အသိပညာဗဟုသုတနှင့် စွမ်းဆောင်ရည်များရှိရေးကိုလည်း အလေးထားရမည်ဖြစ်ပါသည်(၆. ၅)။ အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများနှင့် ထိခိုက်လွယ်သူများသည် **REDD**+လုပ်ငန်းစဉ်တွင် အပြည့်အဝပူးပေါင်းပါဝင်နိုင်ရေး သေချာမှုရှိစေရန် သင်တန်းများပို့ချခြင်းနှင့် ရည်မှန်းချက်အတိုင်းဖြစ်စေမည့် ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်ပေးရန် လိုအပ်နိုင်ပါသည်။ ဆက်စပ်ပတ်သက်သူများ၏ ကိုယ်စားလှယ်များအနေဖြင့် ရရှိလာသည့် သတင်းအချက်အလက်များကို ပြန်လည်ဝေမျှပေးနိုင်ရမည်ဖြစ်ပြီး ၄င်းတို့ ကိုယ်စားပြုပါဝင်နေသည့် နယ်ပယ်များတွင်လည်း ပါဝင်ဆောင်ရွက်မှုရှိကာ ပေါင်းစပ်ညှိနှိုင်းနိုင်ရမည်ဖြစ်ပါသည် (၆. ၆)။ မကျေနပ်မှု၊ အငြင်းပွားမှုပြဿနာများဖြေရှင်းပေးသည့် ယန္တရားကို **REDD**+အတွက် ဖွဲ့စည်းတည်ထောင်ပေးရမည်ဖြစ်ပါသည် (၆. ၄)။

အခြေခံမူ(၇) - **REDD**+အစီအစဉ်သည် သက်ဆိုင်ရာဥပဒေများ၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ ကြေညာချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ရမည်။
ဒေသအဆင့် သို့မဟုတ် နိုင်ငံအဆင့်ဥပဒေများသည် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များနှင့် ကိုက်ညီမှုမရှိပါက ယင်းအားနည်းကွာဟချက်များနှင့် ကွဲပြားချက်များကို ညှိနှိုင်းအဖြေရှာပေးမည့် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်ပေးရမည်။ အပြည်ပြည်ဆိုင်ရာ ကန့်ကွန်းကာကွယ်စောင့်ရှောက်ပေးမှု သဘောတူညီချက်နှင့်အညီ အများဆုံးကိုက်ညီသင့်လျော်သည့် နိုင်ငံတကာကြေညာချက်များမှာ **CEDAW**၊ **UNDRIP**နှင့် **CBD**တို့ဖြစ်ကြပြီး အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်တို့အား ထိန်းသိမ်းကာကွယ်ပေးရမည် ဖြစ်ပါသည်။

---

**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း ဂလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄
ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether
အင်တာနက်လိပ်စာ / www.pointmyanmar.org
အီးမေးလ် / point.org.mm@gmail.com